# “ပိဋကတ်တော်လာ ဟေဝိဘိက္ခုနီပြဿနာ”

**စာတမ်းအကျဉ်းချုပ်-** မြတ်ဗုဒ္ဓသည် ပါရမီရှင် အမျိုးသားတို့အား “ဟေဝိဘိက္ခု”ခေါ်တော်မူ၍ ရဟန်းအဖြစ်ကို ချီးမြှောက်တော်မူ၏။ ပါဠိတ်ပါဠိတော် ဘိက္ခုနီဝိဘင်္ဂပဒဘာဇနီ၌ ဘိက္ခုနီအမျိုးအစား ၁၂-မျိုးကို ရေတွက်ပြရာတွင် “ဟေဝိဘိက္ခုနီ”ကို ထည့်သွင်းရေတွက်ပြထား၏။ သို့ဖြစ်၍ အမျိုးသားများနှင့်တန်းတူ ပါရမီရှင်အမျိုးသမီးတို့လည်း ဟေဝိဘိက္ခုနီရဟန်းမအဖြစ်ကို ရနိုင်ပါသလားဟု မေးခွန်းထုတ်စရာရှိ၏။ ထိုအမေးကို ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့ကို အကိုးအကားပြု၍ ဆွေးနွေးတင်ပြထားပါသည်။

**သော့ချက်စကားလုံးများ-** ဟေဝိဘိက္ခု၊ ဟေဝိဘိက္ခုနီ၊ မိထွေးတော်ဂေါတမီ၊ ဘိက္ခုနီသာသနာ၊ ဋ္ဌိတကပ္ပပုဂ္ဂိုလ်၊ ရှင်အာနန္ဒာ၊ ရှင်မဟာကဿပ၊ ဘဒ္ဒကာပိလာနီ၊ သာကီဝင်မင်းသမီး- ၅၀၀။

## နိဒါန်း

သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှါ ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့၏ သာသနာတိုင်း၌ ဘိက္ခုပရိသတ်၊ ဘိက္ခုနီပရိသတ်၊ ဉပါသကာပရိသတ်၊ ဉပါသိကာပရိသတ်ဟူ၍ အဖွဲ့အစည်း ပရိသတ်လေးမျိုး ရှိကြစမြဲပင်ဖြစ်၏။[၁] မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ကဆုန်လပြည့်နေ့တွင် သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ရက်ပေါင်း ၆၀-အကြာ ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီ ၅-ဦးတို့အား “ဓမ္မစက္ကပဝတ္တနသုတ်”ကို ဟောကြားတော်မူ၏။ တရားတော်အဆုံး၌ ရှင်ကောဏ္ဍညသည် သောတာပန်အဖြစ်သို့ ရောက်ရှိပြီးနောက် ရဟန်းအဖြစ်ကို တောင်းပန်လေသည်။ မြတ်ဗုဒ္ဓက ရှင်ကောဏ္ဍညအား “ဟေဝိ ဘိက္ခု”ဟု ခေါ်တော်မူ၍ ရဟန်းပြုပေးတော်မူသည်။ ထိုအချိန်မှစ၍ ‘‘ဘိက္ခုပရိသတ်’’စတင်ပေါ်ပေါက်လာခဲ့၏။[၂]

မြတ်ဗုဒ္ဓသည် သတ္တသတ္တာဟ-၌ စံနေတော်မူရာမှ ထတော်မူသည့် ဝါဆိုလဆန်း ၅-ရက်နေ့တွင် ဉက္ကလဇနပုဒ်သား တပုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့သည် ဘုရားရှင်နှင့် တွေ့ဆုံခွင့်ရ၍ “ဒွေဝါစိကသရဏဂုံ”ဆောက်တည်ကြ၍ ဉပါသကာအဖြစ်ကို ခံယူခဲ့ကြသဖြင့် “ဉပါသကာပရိသတ်”စတင်ပေါ်ပေါက်လာ၏။[၃] နောင်အခါ တပုဿသည် သောတာပန်အဖြစ်သို့ ရောက်ရှိတော်မူ၏။ မြတ်ဗုဒ္ဓသည် တပုဿကို အကြောင်းပြု၍ “တပုဿသုတ်”ကို

---

[၁]။ မ၊ ဋ္ဌ၊ ၁၊ ၃၁၀။ သာရတ္ထ၊ ၂၊ ၁။

[၂]။ ဝိ၊ ၃၊ ၁၇။ အံ၊ ဋ္ဌ၊ ၁၊ ၁၀၅။

[၃]။ ဝိ၊ ၃၊ ၄-၅။ ဝိ၊ ဋ္ဌ၊ ၁၊ ၂၄၂။ အံ၊ ဋ္ဌ၊ ၁၊ ၂၉၃-၄။ ထေရ၊ ဋ္ဌ၊ ၁၊ ၅၉။ အပ၊ ဋ္ဌ၊ ၁၊ ၉၅။

ဟောကြားတော်မူ၏။[၄] ဘလ္လိက-သည် နောင်အခါ သာသနာ့ဘောင်သို့ ဝင်ရောက်၍ ရဟန်းပြု ရာ ဆဠာဘိညာ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။[၅]

ဣသိပတနမိဂဒါဝုန်၌ မြတ်ဗုဒ္ဓသည် ပထမဝါကို ကပ်ဆိုတော်မူ၏။ ထိုစဉ် ရှင်ယသ၏ မယ်တော် သုဇာတာသူဌေးကတော်နှင့် ရှင်ယသ၏ ဇနီးတို့သည် “သရဏဂုံသုံးပါး”ကို ဆောက်တည်၍ ဥပါသိကာအဖြစ်ကို ခံယူခဲ့ကြသဖြင့် “ဥပါသိကာပရိသတ်”စတင် ပေါ်ပေါက် လာခဲ့၏။[၆] သုဇာတာသည် ဘုရားလောင်း ဥရုဝေလတော၌ သီတင်းသုံးစဉ် ၁-သိန်းတန် ရွှေ ခွက်နှင့်တကွ ဃနာနို့ဆွမ်းကို ဆက်ကပ်လှူဒါန်းခဲ့သူဖြစ်သည်။ နောင်အခါ လူ့လောက၌ ပထမဆုံး “တေဝါစိကသရဏဂုံ”တည်၍ သောတာပန်၊ ရဟန္တာဖြစ်သည်။[၇] ရှင်ယသ၏ ဇနီး လည်း နောင်အခါ လူ့လောက၌ ပထမဆုံး “တေဝါစိကသရဏဂုံ”တည်၍ သောတာပန်၊ ရဟန္တာဖြစ်သည်။[၈]

**ဘိက္ခုနီသာသနာစတင် ပေါ်ထွန်းချိန်**

မြတ်ဗုဒ္ဓသည် ၅-ဝါမြောက်ကို ဝေသာလီပြည် မဟာဝုန်တောအတွင်း ကူဋာဂါရသာလ ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူ၏။ ထိုအချိန်၌ မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်း သမီး ၅၀၀-တို့သည် ဖန်ရည်စွန်းအဝတ်တို့ကို ဝတ်ဆင်၍ ဘိက္ခုနီပြုခွင့်ရဖို့ရန်အတွက် ဝေသာ လီပြည်သို့ ရောက်ရှိလာကြ၏။ ရောက်ရှိလာချိန်ကား တော်သလင်းလပြည့်ကျော် အချိန်ကာ လဖြစ်၏။ ဝါကျွတ်ကာလသို့ပင် မရောက်သေးပေ။ ဘုရားရှင်သည် ရှင်အာနန္ဒာ လျှောက်ထား မှုကို အကြောင်းပြု၍ မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီး ၅၀၀-တို့အား ဘိက္ခုနီပြုခွင့် ပေးခဲ့၏။ ဘိက္ခုနီတို့လိုက်နာရမည့် စည်းကမ်းများကိုလည်း သတ်မှတ်ပေးတော်မူ၏။ ထို့ ကြောင့် ဘုရားရှင်၏ ၅-ဝါမြောက်၊ သက်တော် ၄၀-အရွယ်တွင် ဘိက္ခုနီသာသနာကို စတင်ခွင့် ပြုတော်မူခဲ့ကြောင်း သိနိုင်ပါသည်။[၉]

ပုဂ္ဂိုလ်တချို့ကလည်း ‘‘ဘိက္ခုနီသာသနာသည် ရှင်အာနန္ဒာ၏ တောင်းပန်လျှောက် ထားမှုကို အကြောင်းပြု၍ ပေါ်ပေါက်လာခဲ့၏။ ရှင်အာနန္ဒာသည် မြတ်စွာဘုရားရှင်၏ ဝါ တော် ၂၀-နောက်ပိုင်းတွင် အလုပ်အကျွေးရဟန်းဖြစ်ခဲ့၏။ ထို့ကြောင့် ရှင်အာနန္ဒာသည် ဘုရား

---

[၄]။ အံ၊ ၂၊ ၃၉၂။ အံ၊ ၃၊ ၂၃၃။
[၅]။ အံ၊ ၂၊ ၃၉၂။
[၆]။ ဝိ၊ ၃၊ ၂၅။ အံ၊ ဋ္ဌ၊ ၁၊ ၃၁၀။
[၇]။ မဟာဗုဒ္ဓဝင်၊ ၂၊ ၂၇၁- ၅၁၉။
[၈]။ မဟာဗုဒ္ဓဝင်၊ ၂၊ ၅၁၉။
[၉]။ ဝိ၊ ၄၊ ၄၄၃-၄၄၄။

ရှင်၏ အလုပ်အကျွေးဖြစ်ပြီး ဝါတော် ၂၀-နောက်ပိုင်းတွင် ပေါ်ထွန်းခဲ့ခြင်းဖြစ်သည်ဟု ပြောဆိုကြသည်။ ယင်းအချက်နှင့် ပတ်သက်၍ အကိုးသာဓကတို့ဖြင့် စိစစ်တင်ပြပါမည်။[၁၀]

ဘဒ္ဒလာပိလာနီသည် ရှင်မဟာကဿပမထေရ်၏ ဇနီးဟောင်းဖြစ်သည်။ ဘုရားရှင်သည် ပထမဝါကျွတ်သောအခါ ဗိမ္ဗိသာရမင်း၏ ပင့်လျှောက်ချက်အရ ရာဇဂြိုဟ်ပြည်သို့ ကြွရောက်တော်မူ၏။ ထိုအခါ အရှင်မဟာကဿပလောင်း ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီတို့သည် စည်းစိမ်ဥစ္စာများကို စွန့်လွှတ်ခဲ့၍ ရဟန်းပြုဖို့ရာ ထွက်လာခဲ့ကြသည်။ ခရီးလမ်းဆုံသို့ရောက်သောအခါ ပိပ္ပလိလုလင်နှင့် ဘဒ္ဒကာပိလာနီတို့သည် လမ်းခွဲလိုက်ကြ၏။ ထိုအခါ မဟာပထဝီမြေကြီးလည်း ကောင်းချီးပေးသကဲ့သို့ ပြင်းထန်စွာ တုန်လှုပ်လေသည်။ ဘုရားရှင်သည် ထိုအကြောင်းကို သိမြင်သဖြင့် သွားရောက်ကြိုဆို၍ ရှင်မဟာကဿပအား ဩဝါဒပေး၍ ရဟန်းပြုပေးတော်မူသည်။

ထိုအချိန်၌ ဘုရားရှင်သည် အမျိုးသမီးတို့အား ဘိက္ခုနီရဟန်းမအဖြစ်ကို ခွင့်မပြုသေးသဖြင့် ဘဒ္ဒကာပိလာနီသည် ပရိဗိုဇ်မများအရာမ်သို့ သွားရောက်၍ ၅-နှစ်တိုင်တိုင် တိတ္ထိတို့၏ တပည့်အဖြစ် နေထိုင်ခဲ့ရ၏။ ၅-နှစ်ကြာသောအခါ ဘုရားရှင်သည် မိထွေးတော်ဂေါတမီကို အကြောင်းပြု၍ အမျိုးသမီးတို့အား ဘိက္ခုနီရဟန်းမအဖြစ်ကို ခွင့်ပြုတော်မူခဲ့သည်။ ထိုအခါ ဘဒ္ဒကာပိလာနီလည်း ဘိက္ခုနီအဖြစ်ကို ခံယူ၍ ဝိပဿနာတရားကို ပွားများအားထုတ်ရာ ရဟန္တာထေရီအဖြစ်သို့ ရောက်ရှိတော်မူသည်။ ယင်းအပဒါန်ကို ထောက်ဆသောအားဖြင့် ဘုရားရှင်သည် သက်တော် ၄၀-နှစ်၊ ဝါတော် ၅-ဝါအရတွင် အမျိုးသမီးများအား ဘိက္ခုနီသာသနာကို စတင်ခွင့်ပြုခဲ့သည်ဟု သိနိုင်ပါသည်။[၁၁]

မြတ်ဗုဒ္ဓသည် ၇-ဝါမြောက်ကို တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူ၍ မယ်တော်မိနတ်သား အမှူးပြုသော နတ်ဗြဟ္မာတို့အား အဘိဓမ္မာတရားကို ဟောကြားတော်မူ၏။ တာဝတိံသာနတ်ပြည်သို့ မကြွရောက်ခင် ဘုရားရှင်သည် တိတ္ထိတို့နှင့် တန်ခိုးပြိုင်ခဲ့၏။ ထို၌ ဘုရားရှင်ကိုယ်စား တန်ခိုးပြခွင့်ပြုပါရန် လျှောက်ထားကြသော ပုဂ္ဂိုလ်တို့တွင် ဥပ္ပလဝဏ်ထေရီမလည်းပါဝင်၏။ ဥပ္ပလဝဏ်ထေရီမသည် ဘုရားရှင်အား ''မြတ်စွာဘုရား၊ တပည့်တော်မသည် ၁၂-ယူဇနာရှိသောပရိသတ်ကို ဖန်ဆင်းတော်မူ၍ ၃၆-ယူဇနာ အဝန်းအဝိုင်းရှိသော စကြာဝတေးမင်း၏ ပရိသတ်ဖြင့် ခြံရံလျက် စကြာမင်းအသွင် ဖန်ဆင်းလာရောက်၍ အရှင်မြတ်ကို ရှိခိုးပါမည်''ဟု လျှောက်ထားလေ၏။ သို့သော်လည်း ဘုရားရှင်က ခွင့်ပြုတော်မမူခဲ့ပေ။

---

[၁၀]။ ဒီ၊ ဋ္ဌ၊ ၂၊ ၁၂-၃။ အံ၊ ဋ္ဌ၊ ၁၊ ၂၂၈။ ထေရ၊ ဋ္ဌ၊ ၂၊ ၄၁၅။

[၁၁]။ အပ၊ ၂၊ ၂၅၉-၂၆၄။ ထေရီ၊ ဋ္ဌ၊ ၇၀-၇၇။

ထိုသာစေကကို ထောက်ဆပါက ဘိက္ခုနီသာသနာသည် ဘုရားရှင်၏ ၆-ဝါမြောက် ကာလ၌ပင် တိုးတက်စည်ပင် ပြန့်ပွားထွန်းကားနေပြီဖြစ်၏။ ဘိက္ခုနီပရိသတ်ထဲ၌လည်း ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ်ထူးများလည်း ပေါ်ထွန်းနေပြီဖြစ်၏။ ထို့ကြောင့် မြတ်ဗုဒ္ဓသည် သက်တော် ၄၀၊ ဝါတော် ၅-ဝါအရတွင် ဘိက္ခုနီသာသနာကို စတင်ခွင့်ပြုခဲ့ကြောင်း သိနိုင်ပါသည်။[၁၂]

## မြတ်ဗုဒ္ဓခွင့်ပြုတော်မူသော ရဟန်း ၈-မျိုး

မြတ်ဗုဒ္ဓသည် သံဃာ့အဖွဲ့အစည်းကို တည်ထောင်ရာတွင် အခြေအနေနှင့် အချိန်ကာလ အားလျော်စွာ ရဟန်းပြုနည်း ၈-မျိုးကို ခွင့်ပြုတော်မူခဲ့သည်။ ခွင့်ပြုပုံခြင်း ကွဲပြားခြားနားသည်၏ အဖြစ်ကြောင့် ရဟန်း ၈-မျိုးရှိသည်။ ယင်းတို့မှာ - (၁) ဧဟိဘိက္ခုုပသမ္ပဒါရဟန်း၊ (၂) သရဏာဂမနူပသမ္ပဒါရဟန်း၊ (၃) ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း၊ (၄) ပဉှာဗျာကရဏူပသမ္ပဒါရဟန်း၊ (၅) ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါရဟန်း၊ (၆) ဒူတေနူပသမ္ပဒါရဟန်း၊ (၇) အဋ္ဌဝါစိကူပသမ္ပဒါရဟန်း၊ (၈) ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါရဟန်း-တို့ ဖြစ်ပါသည်။

## ဧဟိဘိက္ခုရဟန်း

ဧဟိဘိက္ခုရဟန်းအဖြစ်ကို သာမန်ပုဂ္ဂိုလ်တို့ မရရှိနိုင်ပေ။ အကြောင်းအင်္ဂါသုံးချက်နှင့် ပြည့်စုံကြသော ပါရမီရှင်တို့သာ ရရှိနိုင်ကြပါသည်။ ဧဟိဘိက္ခုဖြစ်နိုင်သော အကြောင်းအင်္ဂါသုံးချက်မှာ-

၁။ အရိယာပုဂ္ဂိုလ်ကိုဖြစ်စေ (သို့မဟုတ်) သီလဝန္တ (သီလရှိသူ)ဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်ကို ဖြစ်စေ ပရိက္ခရာ ၈-ပါး (သို့မဟုတ်) သင်္ကန်းမျှကို ပေးလှူဖူးခြင်း၊

၂။ ပေးလှူသည့်အခါ၌ ''ဣဒံ ပရိက္ခာရဒါနံ အနာဂတေ ဧဟိဘိက္ခုဘာဝါယ ပစ္စယော ဟောတု- ဤပရိက္ခရာ အလှူဒါနသည် ကျွတ်တန်းဝင်ရာ နောင်ဘုရားရှင်သာသနာတော်၌ ဧဟိဘိက္ခုရဟန်းဖြစ်ရခြင်း၏ အကူအညီအထောက်အပံ့ ဖြစ်ပါစေသတည်းဟု ဆုတောင်းခဲ့ဖူးခြင်း၊

၃။ ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်ခြင်းတို့ ဖြစ်ပါသည်။ ယင်းအင်္ဂါ ၃-ချက်တို့တွင် တစ်ခုခုချို့ယွင်းနေပါက "ဧဟိဘိက္ခု"ရဟန်းအဖြစ်ကို မရနိုင်ပေ။[၁၃]

---

[၁၂]။ အပ၊ ၂၊ ၂၂၉-၂၃၆။ မ၊ ဋ္ဌ၊ ၄၊ ၉၀။ အံ၊ ဋ္ဌ၊ ၁၊ ၂၆၆-၂၇၄။ ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၃၇။ ထေရီ၊ ဋ္ဌ၊ ၁၉၀။ ဇာ၊ ဋ္ဌ၊ ၅၊ ၂၄၀။ သာရတ္ထ၊ ၂၊ ၁၁၃။

[၁၃]။ မ၊ ဋ္ဌ၊ ၄၊ ၂၁၅။ ဝိ၊ ဋ္ဌ၊ ၁၊ ၂၀၅- ၆။ သာရတ္ထ၊ ၂၊ ၅၁။ သာရတ္ထ၊ ၃၊ ၁၉၇။ ဝိမတိ၊ ၁၊ ၁၂၈။ ဒီ၊ ဋ္ဌီ၊ ၂၊ ၇၁။

## ဟေဝိတိက္ခုရဟန်း အရေအတွက်

ဟေဝိတိက္ခုရဟန်းသည်ကား ဘုရားရှင်က "ဟေဝိတိက္ခု"အစရှိသဖြင့် ခေါ်ဝေါ်အပ်သော စကားတော်မျှဖြင့် ရဟန်းအဖြစ်သို့ ရောက်သောပုဂ္ဂိုလ်ဖြစ်သည်။ မြတ်ဗုဒ္ဓက ကိုယ်တော်၏ မျက်မှောက်၌ပင် "ဟေဝိတိက္ခု စရဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ"ဟု မိန့်တော်မူသော ခဏ၌ပင် ဆံမုတ်ဆိတ်စသည်နှင့်တကွသော လူ့အသွင်ကွယ်ပျောက်၍ ဆံပင်ရိတ်ပြီး၊ သင်္ကန်းသုံးထည် ဝတ်ရုံတင်ဆောင်ပြီး၊ လက်ဝဲပုခုံးထက်၌ သပိတ်ကို လွယ်ပြီးသော ဝါတော် ၆ဝ-ရ မထေရ်ကြီးကဲ့သို့ အသွင်ဖြစ်ပေါ်လာသည်။ ထိုသပိတ်သင်္ကန်းတို့သည် (မိမိ၏ ရှေးကောင်းမှုအဟုန်ကြောင့်)တန်ခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းတို့ ဖြစ်ကြသည်။ ဟေဝိတိက္ခုရဟန်းတော်၏ ဥပဇ္ဈာယ်ဆရာမှာ မြတ်စွာဘုရားပင်ဖြစ်သည်။ ဘုရားရှင်သည် ပထမဗောဓိကာလ၌ ရှေးဦးအစ အချိန်ကာလတွင် ဟေဝိတိက္ခုရဟန်းအဖြစ်ဖြင့်သာ ရဟန်းဘောင်သို့ တက်ရောက်စေခဲ့သည်။ ဟေဝိတိက္ခုရဟန်းအပေါင်းသည် ဝိနယပိဋကတ်၌လာသော ဟေဝိတိက္ခုပေါင်း ၁၃၄၁-ပါး၊ သုတ္တန္တပိဋကတ်၌လာသော ဟေဝိတိက္ခုပေါင်း ၂၇၃ဝဝ-ပါး၊ နှစ်ရပ်ပေါင်း ၂၈၆၄၁-ပါး ရှိပါသည်။[၁၄]

## (၁) ဝဇိရဗုဒ္ဓိဋီကာဆရာ၏ အယူအဆ

မြတ်ဗုဒ္ဓသည် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများကိုလည်း သာသနာတော်၌ ရဟန်းပြုခွင့်ပေးခဲ့သည်။ ထို့ကြောင့် အမျိုးသားများကို ဟေဝိတိက္ခုရဟန်းအဖြစ် ချီးမြှောက်တော်မူသကဲ့သို့ အမျိုးသမီးများကိုလည်း ဟေဝိတိက္ခုနီရဟန်းမအဖြစ် ချီးမြှောက်ခွင့်ပြုတော်မူရာ၏။ ဟေဝိတိက္ခုဖြစ်နိုင်သော အကြောင်းအင်္ဂါ ၃-ချက်တွင် အမျိုးသား၊ အမျိုးသမီး ခွဲခြားမှု မရှိပေ။ ပါရမီဆုတောင်း အကြောင်းဥပနိဿယနှင့် ပြည့်စုံလျှင် အမျိုးသမီးများလည်း ဟေဝိတိက္ခုနီဖြစ်နိုင်ရာ၏။

ဘိက္ခုနီဝိဘင်္ဂပဒဘာဇနီယ၌ ဘိက္ခုနီအမျိုးအစား ၁၂-မျိုးကို ရေတွက်ပြရာတွင်လည်း "ဟေဝိတိက္ခုနီတိ ဘိက္ခုနီ- မြတ်ဗုဒ္ဓက ရဟန်းမလာလေ့ဟု ခေါ်ကာမျှဖြင့် ရဟန်းအဖြစ်သို့ ရောက်သော ဟေဝိတိက္ခုနီ''ကို ထည့်သွင်းရေတွက်ပြထား၏။[၁၅] ယင်းအချက်ကို ထောက်ဆပါက ဟေဝိတိက္ခုနီရဟန်းမရှိခဲ့သည်ဟု ယူဆရမည်ဖြစ်သည်။ ဟေဝိတိက္ခုဖြစ်နိုင်သော အင်္ဂါ ၃-ချက်ထဲ၌လည်း အမျိုးသား၊ အမျိုးသမီးဟူ၍ ခွဲခြားမှုမရှိ။ မြတ်ဗုဒ္ဓက အမျိုးသမီးအချို့ကို ဟေဝိတိက္ခုနီဟု ခေါ်တော်မူခဲ့လျှင် ဟေဝိတိက္ခုနီဖြစ်နိုင်စရာ အကြောင်းရှိသည်။ ဟေဝိတိက္ခုနီနှင့်

---

[၁၄]။ ဝိ၊ ၄၊ ၁၊ ၂ဝ၅-၆။ ထေရ၊ ၄၊ ၂၊ ၅၃၈-၉။ ဝိမတိ၊ ၁၊ ၁၂၈။

[၁၅]။ ဝိ၊ ၂၊ ၂၇၆။

ပတ်သက်၍ ဝိနည်းဋီကာသုံးစောင်တို့၌ အယူအဆအမျိုးမျိုးကြံဆ၍ ဖွင့်ပြထားသည်ကို တွေ့ရသည်။

ဝိနည်းအဋ္ဌကထာကို ထပ်ဆင့်ဖွင့်ပြသော ဋီကာသုံးစောင်ရှိ၏။ ပထမဆုံးဖွင့်ပြသော ဋီကာမှာ ဝဇိရဗုဒ္ဓိဋီကာဖြစ်၏။ သီဟိုဠ်ကျွန်း အနုရာဓမြို့တောင်ဘက် မဟာဝိဟာရဝါသီကျောင်းတိုက်နေ ဝဇိရဗုဒ္ဓိမထေရ်က ဝဇိရဗုဒ္ဓိဋီကာကို ရေးသားပြုစုခဲ့၏။ ထိုဋီကာတွင် "ဗောဓိဘိက္ခုနီ"နှင့် ပတ်သက်၍ ဘိက္ခုနီဝိဘင်းပါဠိတော်၌ "ဗောဓိဘိက္ခုနီတိ ဘိက္ခုနီ"ဟု ဟောတော်မူခြင်းသည် ဒေသနာကို တန်ဆာဆင်သည့်အနေဖြင့် ဟောတော်မူခြင်းဖြစ်သည်ဟု အချို့သောပုဂ္ဂိုလ်များက ယူဆကြ၏။ အချို့ကလည်း ရှေးရှေးဘုရားရှင် လက်ထက်တုန်းက ဗောဓိဘိက္ခုနီရှိခဲ့၏။ ထို့ကြောင့် ဂေါတမဘုရားရှင်လက်ထက်၌လည်း ဗောဓိဘိက္ခုနီရှိခဲ့သည်ဟု ပြောဆိုကြ၏။

ဝိသာခါဝတ္ထု၌ အမျိုးသမီးများသည် သက်န်းအလှူဒါနကြောင့် အမြင့်ဆုံးအနေဖြင့် မဟာလတာတန်ဆာကိုသာ ပိုင်ဆိုင်ခွင့်ရကြ၏။ အမျိုးသားများကား အမြင့်ဆုံးအနေဖြင့် ဗောဓိဘိက္ခုရဟန်းအဖြစ်ကို ရနိုင်၏။ ထို့ကြောင့် ရှေးရှေးဘုရားရှင်တို့၏ သာသနာ၌ တစ်ခါတစ်ရံ ဗောဓိဘိက္ခုနီရဟန်းမအဖြစ်ကို ရနိုင်သော်လည်း ငါတို့ ဘုရားရှင်လက်ထက်၌ ဗောဓိဘိက္ခုနီ မရှိခဲ့ကြောင်း သိနိုင်၏။ အချို့သော ပုဂ္ဂိုလ်များက ပုထုဇဉ်အဖြစ်နဲ့ ဗောဓိဘိက္ခုရဟန်းဖြစ်ပြီးမှ နောင်အခါ အမျိုးသမီးအဖြစ်သို့ လိင်ပြောင်းသွား၍ ဘိက္ခုနီဖြစ်သွားသော အမျိုးသားရဟန်းသည်လည်း ဗောဓိဘိက္ခုနီထဲ ပါဝင်နိုင်၏။ ထိုသို့မဟုတ်သော် ပါဠိတော်စကားနှင့် ဆန့်ကျင်ရာရောက်၏ဟု ဆိုကြပါသည်။ ဆင်ခြင်၍ ယူဆကြပါ။ လက်ခံကြပါ-ဟု မှတ်ချက်ပြုထား၏။ ဝဇိရဗုဒ္ဓိဋီကာဆရာသည် ဗောဓိဘိက္ခုနီနှင့် ပတ်သက်၍ အယူအဆတစ်ရပ်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်မချခဲ့ပေ။ မတင်မကျ သဘောမျိုးသာထားခဲ့ကြောင်း သိနိုင်ပါသည်။[၁၆]

## (၂) သာရတ္ထဒီပနီဋီကာဆရာ၏ အယူအဆ

သာရတ္ထဒီပနီဋီကာဆရာ၏ အယူအဆကို တင်ပြပါမည်။ သာရတ္ထဒီပနီဋီကာကို သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီကျောင်းတိုက်နေ အရှင်သာရိပုတ္တရာမထေရ်က ရေးသားပြုစုခဲ့၏။ ထိုဋီကာ၌ ဗောဓိဘိက္ခုနီနှင့် ပတ်သက်၍ ယခုကဲ့သို့ ရှင်းပြထား၏။ ဘိက္ခုနီဝိဘင်္ဂ၊ ပဒဘာဇနီ၌ "ဗောဓိဘိက္ခုနီ"ဟု ထည့်သွင်းရေတွက်ပြထားခြင်းမှာ ရဟန်းမိန်းမများ ဘိက္ခုနီအဖြစ်ဖြင့် ရဟန်းပြုခဲ့ခြင်းကြောင့် ရေတွက်ပြခြင်း မဟုတ်ပေ။ ဒေသနာအစဉ် ကျရောက်သောကြောင့်သာ ရေတွက်ပြခြင်းဖြစ်၏။ ဘုရားရှင်တို့သည် တရားဟောတော်မူရာ၌ ဒေသနာအစဉ်ကျရောက်သ

---

[၁၆]။ ဝဇီရ၊ ၃၅၁။

ဖြင့် ဟောတော်မူသည်မှာ ဓမ္မတာဖြစ်၏။ အချို့နေရာ၌ မရနိုင်၊ မရှိနိုင်သော်လည်း ဒေသနာ အစဉ် ကျရောက်သဖြင့် ဟောတော်မူထားသည်ကို တွေ့ရပါသည်။

ပုဂ္ဂလပညတ္တိပါဠိတော်၊ ဋ္ဌိတကပ္ပနိဒ္ဒေသ၌ "ကမ္ဘာကို တည်စေနိုင်သော ဋ္ဌိတကပ္ပ ပုဂ္ဂိုလ်ဟူသည် အဘယ်နည်း။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှါ ကျင့်ခိုက်လည်းဖြစ်၏။ ကမ္ဘာကိုလည်း ကမ္ဘာဖျက်မီးကြီးတောက်လောင်တော့မည့် အချိန်အခါလည်းဖြစ်၏။ အကြင်မျှလောက် သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်မပြုရသေး။ ထိုမျှလောက်သော ကာလပတ်လုံး ကမ္ဘာသည် မီးမလောင်နိုင်။ ဤပုဂ္ဂိုလ်ကို ကမ္ဘာကို တည်စေနိုင်သောပုဂ္ဂိုလ်"[၁၇]ဟု ဟောတော်မူထား၏။ မြတ်ဗုဒ္ဓသည် ဋ္ဌိတကပ္ပပုဂ္ဂိုလ်ကို ဟောကြားတော်မူသော်လည်း သာသနာတည်ရှိစဉ်၌ ကမ္ဘာ မပျက်နိုင်။ ကမ္ဘာပျက်ချိန်၌လည်း သာသနာလည်း မတည်ရှိနိုင်တော့ပေ။ သာသနာတည်ရှိခြင်းနှင့် ကမ္ဘာပျက်ခြင်းတို့သည် အတူတကွ မဆုံဆည်းနိုင်။ ဖြစ်ရိုးထုံးစံ မရှိပေ။ မြတ်ဗုဒ္ဓသည် ဋ္ဌိတကပ္ပပုဂ္ဂိုလ်မည်သည် မရှိနိုင်သော်လည်း သောတာပတ္တိမဂ်၏ အခြားမဲ့၌ သောတာပတ္တိဖိုလ်အတွက် အန္တရာယ်မရှိခြင်းကို ပြတော်မူခြင်းငှါ ဒေသနာအစဉ် ကျရောက်သဖြင့် ဋ္ဌိတကပ္ပပုဂ္ဂိုလ်ကို ဟောတော်မူခြင်းဖြစ်၏။ ထို့အတူ ဘိက္ခုနီဝိဘင်္ဂ၊ ပဒဘာဇနီ၌လည်း မြတ်ဗုဒ္ဓသည် ဒေသနာအစဉ် ကျရောက်သောကြောင့် "ဧဟိဘိက္ခုနီတိ ဘိက္ခုနီ"ဟု ရေတွက်ပြခြင်း ဖြစ်သည်။ ဧဟိဘိက္ခုနီ အမှန်တကယ်ရှိသောကြောင့် ရေတွက်ပြခြင်း မဟုတ်ပေ။

အချို့ဆရာတို့က "ရဟန်းယောကျ်ားတို့ကား မြတ်ဗုဒ္ဓနှင့် အနေနီး၍ ဧဟိဘိက္ခုဟု ခေါ်ထိုက်၏။ ရဟန်းမိန်းမတို့ကား အနေဝေးသောကြောင့် ဧဟိဘိက္ခုနီဟု မခေါ်ထိုက် ကြောင်း ပြောဆိုကြ၏။ ထိုစကားများကား အကြောင်းယုတ္တိ မသင့်ချေ။ မြတ်ဗုဒ္ဓသည် သူနှင့် အနေနီးမှု၊ အနေဝေးမှုနှင့် ပတ်သက်၍ ယခုကဲ့သို့ မိန့်ကြားထား၏။

"ရဟန်းတို့၊ ရဟန်းသည် အဘိဇ္ဈာများသူ၊ ကာမဂုဏ်တို့၌ အားကြီးသောရာဂရှိသူ၊ ဣန္ဒြေတို့ကို မစောင့်စည်းသောရဟန်းသည် ငါဘုရား၏ သင်္ကန်းအစွန်းကို ကိုင်၍ ငါဘုရား၏ ခြေရာ၌ ခြေကို ချနင်းလျက် နောက်မှလိုက်နေသော်လည်း ထိုရဟန်းသည် ငါဘုရားမှ ဝေးသူတည်း၊ ငါဘုရားသည်လည်း ထိုရဟန်းမှ ဝေးသူတည်း၊ အကြောင်းကား ထိုရဟန်းသည် တရားကို မမြင်၊ တရားကို မမြင်သည်ရှိသော် ငါဘုရားကို မမြင်သောကြောင့်တည်း"

"အကြင်ရဟန်းသည်၊ အဘိဇ္ဈာမများသူ၊ ကာမဂုဏ်တို့၌ အားကြီးသောရာဂမရှိသူ၊ ဣန္ဒြေတို့ကို စောင့်စည်းသူဖြစ်ခဲ့ပါမူ ထိုရဟန်းသည် ယူဇနာတစ်ရာ ဝေးသောအရပ်၌ နေ

---

[၁၇]။ ပုဂ္ဂလပညတ္တိပါဠိ၊ ၁၁၆။

သော်လည်း ငါဘုရားနှင့် နီးသူတည်း၊ အကြောင်းကား ရဟန်းတို့၊ ထိုရဟန်းသည် တရားကို မြင်၏။ တရားကိုမြင်သည်ရှိသော် ငါဘုရားကိုလည်း မြင်သောကြောင့်တည်း”[၁၈]

သို့ဖြစ်၍ မြတ်ဗုဒ္ဓသည် အမျိုးသမီးများကို ဧဟိဘိက္ခုနီဟု မခေါ်ခြင်းမှာ ဘုရားရှင်နှင့် နီးခြင်း၊ ဝေးခြင်းနှင့် မသက်ဆိုင်ကြောင်း သိနိုင်၏။ ဧဟိဘိက္ခုနီ ရှိ, မရှိနှင့် ပတ်သက်၍ အမှန် တကယ်ရှိသည်ဟု ယူဆရန် ခက်ခဲသောအဖြစ်အပျက်တစ်ခုကို တွေ့ရ၏။ ထေရီဂါထာပါဠိ တော် ဘဒ္ဒါကုဏ္ဍလကေသာထေရီဝတ္ထု၌–

**“နိဟစ္စ ဇာဏုံ ဝန္ဒိတွာ၊ သမ္မုခါ အဉ္ဇလိံ အကံ။**

**ဧဟိ ဘဒ္ဒေတိ မံ အဝစ၊ သာ မေ အာသူပသမ္ပဒါ။”**[၁၉]

“ငါသည် ဒူးနှစ်ဖက်ကို ထောက်၍ ရှိခိုးပြီးလျှင် မျက်မှောက်တော်၌ လက်အုပ်ချီခြင်းကို ပြုပြီ။ ထိုအခါ မြတ်ဗုဒ္ဓသည် “ဘဒ္ဒါ လာလော့”ဟု ငါ့ကို မိန့်တော်မူပြီ။ ထိုသို့ မိန့်တော်မူခြင်းသည် ငါ့အား ပဉ္စင်းဖြစ်ကြောင်း ဖြစ်ခဲ့ရပါ၏”

ထို့ပြင် ဘဒ္ဒါကုဏ္ဍလကေသာထေရီအပဒါန်၌လည်း –

**“အာယာစိတော တဒါအာဟ၊ ဧဟိ ဘဒ္ဒေတိ နာယကော။**

**တဒါဟံ ဥပသမ္ပန္နာ၊ ပရိတ္တံ တောယမဒ္ဒသံ။”**[၂၀]

“ထိုအခါ ငါသည် ရဟန်းအဖြစ်ကို တောင်းပန်ခဲ့၏။ ထိုအခါ မြတ်ဗုဒ္ဓသည် ချစ်သမီး ဘဒ္ဒါလာ လော့ဟု မိန့်ကြားတော်မူ၏။ ထိုအခါ ငါသည် ပဉ္စင်းဖြစ်ပြီး၍ အနည်းငယ်သောရေကို တွေ့မြင် ခဲ့၏။”

ထိုစကားရပ်တို့ကို ထောက်ဆပါက “ဧဟိဘဒ္ဒေ”ကလည်း “ဧဟိဘိက္ခုနီ”ဟု ခေါ်ဝေါ် အပ်သော စကားကဲ့သို့ပင် ဖြစ်သည်။ ထို့ပြင် “သာ မေ အာသူပသမ္ပဒါ၊ တဒါဟံ ဥပသမ္ပန္နာ- ငါ့အား ပဉ္စင်းဖြစ်ကြောင်းဖြစ်ခဲ့ပါ၏။ ထိုအခါ ငါသည် ပဉ္စင်းဖြစ်ခဲ့သည်”ဟူသော စကားရပ်တို့ သည် ဧဟိဘိက္ခုနီဖြစ်နိုင်စရာ အကြောင်းရှိသည်။ ယင်းကို အဋ္ဌကထာ၌ ‘‘ဧဟိဘဒ္ဒေ”ဟူသော စကားကို “ချစ်သမီး ဘဒ္ဒါလာလော့၊ ဘိက္ခုနီကျောင်းသို့ သွားရောက်၍ ဘိက္ခုနီတို့အထံ၌ ဘိက္ခုနီအဖြစ် ရဟန်းခံလော့ဟု စေခိုင်းခြင်းဖြစ်သည်”[၂၁]ဟု ဖွင့်ပြထား၏။ ထို့ကြောင့် ပါဠိ

[၁၈]။ ဣတိဝုတ္တက ပါဠိတော်၊ ၂၅၆။

[၁၉]။ ထေရီဂါထာပါဠိ၊ ၃၉၁။

[၂၀]။ အပ၊ ၂၊ ၂၄၃။

[၂၁]။ ထေရီ၊ ဋ္ဌ၊ ၃၀၂။

တော်၌ "ဟေိဘိက္ခုနီတိ ဘိက္ခုနီ"ဟု ဟောတော်မူခြင်းကား ဒေသနာအစဉ် ကျရောက်သဖြင့် ဟောကြားခြင်းဖြစ်သည်ဟု အဆုံးအဖြတ်ပေးထားပါသည်။[၂၂]

## (၃) ဝိမတိဝိနောဒနီဋီကာဆရာ၏ အယူအဆ

သာသနာနှစ် ၁၇၀၀-၁၈၀၀-အတွင်း၌ အိန္ဒိယပြည်တောင်ပိုင်း စောဠတိုင်းတွင် မွေးဖွားသော ရှင်ကဿပမထေရ်က ဝိမတိဝိနောဒနီဋီကာကျမ်းကို ရေးသားခဲ့၏။ ထိုကျမ်းသည် ဝိနည်း အဋ္ဌကထာ၏ အဖွင့်ဖြစ်၍ ဘာဏဝါရအားဖြင့် ၅၀-အတိုင်းအရှည်ရှိ၏။ ကျမ်း၏နိဂုံးပိုင်း၌ အဘိယာစကပုဂ္ဂိုလ်ကို ဖော်ပြထားခြင်း မရှိပေ။[၂၃] ထိုဋီကာကျမ်း၌ "ဟေိဘိက္ခုနီ"နှင့် ပတ်သက်၍ ဖော်ပြထားသည်ကိုလည်း တွေ့ရ၏။ ဘိက္ခုနီဝိဘင်္ဂ၊ ပဒဘာဇနီပါဠိတော်၌ "ဟေိ ဘိက္ခုနီတိ ဘိက္ခုနီ၊ တီဟိ သရဏဂမနေဟိ ဥပသမ္ပန္နာတိ ဘိက္ခုနီ"ဟူသော စကားရပ်တို့ သည် ဂရုဓမ်တရား ၈-ပါးကို လက်ခံသဖြင့် ပဉ္စင်းအဖြစ်ကို ရရှိခဲ့သော မိထွေးတော်ဂေါတမီနှင့် ဘုရားရှင်၏ အာဏာတော်ဖြင့် ရဟန်းယောကျ်ားတို့ထံ၌ ကေတောဥပသမ္ပန္နဖြစ်၍ ပဉ္စင်း အဖြစ်ကို ရရှိခဲ့ကြသော သာကီဝင်မင်းသမီးငါးရာတို့ကို ရည်ရွယ်၍ ဟောတော်မူခြင်းဖြစ်၏။ ဒေသနာအစဉ် ကျရောက်သောကြောင့် ဟောကြားခြင်း မဟုတ်ပေ။

မြတ်ဗုဒ္ဓသည် ရှင်အာနန္ဒာ၏ လျှောက်ထားတောင်းပန်မှုကို အကြောင်းပြု၍ မိထွေး တော်ဂေါတမီနှင့် သာကီဝင်မင်းသမီးငါးရာတို့ကို "ရဟန်းမိန်းမတို့ လာကြကုန်လော့၊ သင်တို့ သည် ငါဘုရား၏ သာသနာတော်၌ ဝင်ရောက်ကြကုန်လော့"ဟု ဆိုလိုသည့် သဘောသက် ရောက်သောကြောင့် ထိုရဟန်းမအားလုံးကို "ဟေိဘိက္ခုနီ"ဟု သတ်မှတ်နိုင်၏။ ဘုရားရှင် သည် သာကီဝင်မင်းသမီးငါးရာတို့ကို ပထမဦးစွာ သရဏဂုံကို ဆောက်တည်စေ၍ တစ်ဖက် သောရဟန်းပရိသတ်၌ ကမ္မဝါစာကို ရွတ်ဖတ်စေပြီး ပဉ္စင်းအဖြစ်ကို ချီးမြှောက်ပေးခဲ့သော ကြောင့် ထိုသာကီဝင်မင်းသမီးငါးရာတို့ကား သရဏဂုံကြောင့် ရဟန်းဖြစ်သောသူများဟု သတ်မှတ်နိုင်၏။ မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီးငါးရာမှလွဲ၍ အခြားပုဂ္ဂိုလ်များ ကို "ဟေိ ဘိက္ခုနီ"ဟု သတ်မှတ်၍ မရကြောင်းဆုံးဖြတ်ပေးထား၏။[၂၄]

ဝိနည်းဋီကာသုံးစောင်ရှိရာ၌ ပထမဦးဆုံး ပေါ်ထွက်ခဲ့သော ဝဇိရဗုဒ္ဓိဋီကာဆရာသည် ဟေိဘိက္ခုနီနှင့် ပတ်သက်၍ တိတိကျကျ ဆုံးဖြတ်ပေးထားခြင်း မရှိပေ။ မတင်မကျ ဆင်ခြင် ၍သာ ယူကြပါဟု မှတ်ချက်ပြုထား၏။ ဒုတိယမြောက်ဖြစ်သော သာရတ္ထဒီပနီဋီကာဆရာ

---

[၂၂]။ သာရတ္ထ၊ ၃၊ ၁၁၁-၁၁၃။

[၂၃]။ တိပိ၊ ခာန်၊ အတွဲ၊ ၁၉၊ ၇၆၄။

[၂၄]။ ဝိမတိ၊ ၂၊ ၆၇-၆၈။

သည် ဟေတုဘိက္ခုနီ မရှိခဲ့ကြောင်း အထောက်အထား အကိုးအကား သာဓကမျိုးစုံထုတ်၍ တိတိကျကျ ဆုံးဖြတ်ပေးထား၏။ တတိယမြောက်ဖြစ်သော ဝိမတိဝိနောဒနီဋီကာကား မိထွေးတော်ဂေါတမီနှင့် သာကီဝင်မင်းသမီးငါးရာတို့ကို ဟေတုဘိက္ခုနီအဖြစ် သတ်မှတ်လိုက သတ်မှတ်နိုင်ကြောင်း တင်ပြထား၏။ ထို့ကြောင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာဆရာတို့၏ ဖော်ပြချက်များကို အထောက်အထားပြု၍ ကောက်ချက်ဆွဲရသော် အမျိုးသမီးတို့သည် သက်နိုးပရိက္ခရာကို လှူဒါန်းခဲ့သော ကုသိုလ်ကောင်းမှုကြောင့် အမြင့်ဆုံးအခွင့်အရေးအနေဖြင့် မဟာလတာတန်ဆာကိုသာ ဆင်မြန်းခွင့် ရနိုင်ကြ၏။ သို့သော်လည်း ဟေတုဘိက္ခုနီရဟန်းမ-အဖြစ်ကိုကား မရနိုင်ကြပေ။ ၎င်းကား မြတ်ဗုဒ္ဓသည် အမျိုးသမီးတို့အပေါ်၌ ခွဲခြားဆက်ဆံခြင်းမျိုး မဟုတ်ပေ။ ဘဝပေးအခြေအနေ မတူညီမှုတို့ကြောင့် အကျိုးတရားအနေဖြင့် ကွာခြားသွားခြင်းဖြစ်မည်ဟု ထင်မြင်မိပါကြောင်း လေ့လာတင်ပြအပ်ပါသည်။

**အရှင်စန္ဒိမာ (ပေါက်)**
**အကြီးတန်းနည်းပြ**
**သုတ္တန္တပိဋကမဟာဌာန**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)**

**ကျမ်းကိုးစာရင်း**

**ပါဠိတော်**

(၁) အပဒါနပါဠိ (ဒုတိယတွဲ)

(၂) အင်္ဂုတ္တရပါဠိ (ဒုတိယတွဲ၊ တတိယတွဲ)

(၃) ဣတိဝုတ္တကပါဠိ

(၄) စူဠဝါပါဠိ

(၅) ပါစိတ်ပါဠိ

(၆) မဟာဝါပါဠိ (ဝိနည်း)

(၇) ပုဂ္ဂလပညတ္တိပါဠိ

(၈) ထေရီဂါထာပါဠိ

**အဋ္ဌကထာကျမ်း**

(၁) အင်္ဂုတ္တရအဋ္ဌကထာ (ပထမတွဲ)

(၂) အပဒါနအဋ္ဌကထာ (ပထမတွဲ)

(၃) ဥပရိပဏ္ဏာသအဋ္ဌကထာ

(၄) ဇာတကအဋ္ဌကထာ (ပဥ္စမတွဲ)

(၅) ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပထမတွဲ)

(၆) ဓမ္မပဒအဋ္ဌကထာ (ဒုတိယတွဲ)

(၇) မူလပဏ္ဏာသအဋ္ဌကထာ (ပထမတွဲ)

(၈) ထေရဂါထာအဋ္ဌကထာ (ဒုတိယတွဲ)

(၉) ထေရီဂါထာအဋ္ဌကထာ

(၁၀) သုတ်မဟာဝါအဋ္ဌကထာ

**ဋီကာကျမ်း**

(၁) မဟာဝဂ္ဂဋီကာ

(၂) ဝဇိရဗုဒ္ဓိဋီကာ

(၃) ဝိမတိဝိနောဒနီဋီကာ (ပထမတွဲ၊ ဒုတိယတွဲ)

(၄) သာရတ္ထဒီပနီဋီကာ (ဒုတိယတွဲ၊ တတိယတွဲ)

**ဂန္ထန္တရကျမ်း**

(၁) မျက်မှောက်ခေတ် ထေရဝါဒဗုဒ္ဓသာသနာနှင့် ဘိက္ခုနီသာသနာ

(၂) မိထွေးတော်ဂေါတမီနှင့် ဘိက္ခုနီသာသနာ

(၃) ဘိက္ခုနီသာသနာနှင့် သီလရှင်သမိုင်း

(၄) တိပိဋက ပါဠိမြန်မာအဘိဓာန်၊ အတွဲ (၁၉)

(၅) မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)

(၆) မိထွေးတော်ဂေါတမီနှင့် ဘိက္ခုနီသာသနာ

(၇) လောကဓမ္မအမေးအဖြေများပေါင်းချုပ်